## ၁၃၁၆ (၁၉၅၅) ခုနှစ်၊ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။*

**[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၆။]**

**(၁၉၅၅ ခုနှစ်၊ မတ်လ ၂၄ ရက် )**

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၅ ခုနှစ်၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၃၁၅ (၁၉၅၃) ခုနှစ်၊ တိုင်းရင်း မြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေပုဒ်မ ၉ နောက်တွင် အောက်ပါကို ပုဒ်မ ၉-က အဖြစ် ထည့်သွင်းရမည်။

> "၉-က။ ။ တိုင်းရင်းဆေးဆရာအဖွဲ့သည်၊ မိမိတို့အထဲမှ အမှုဆောင်ကော်မီတီ အဖွဲ့ဝင် အနည်းဆုံး ၅ ဦးပါဝင်သည့် အမှုဆောင်ကော်မီတီကို ဖွဲ့စည်းနိုင်သည်။ အမှုဆောင်ကော်မီတီသည်၊ တိုင်းရင်းဆေးဆရာအဖွဲ့၏ ကြီးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ပုဒ်မ ၂၇ အရပြုသည့် နည်းဥပဒေများဖြင့် မိမိတို့အား လွှဲအပ်သည့် အာဏာနှင့်တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။"

---

* – *ဤအက်ဥပဒေကို ၁၉၅၅ ခုနှစ်၊ မတ်လ (၂၄) ရက်နေ့တွင် ထုတ်ပြန်သည်။ မြန်မာနိုင်ငံပြန်တမ်း အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ (၂) ရက်၊ စာမျက်နှာ - ၄၇၅။*

- *ဤအက်ဥပဒေသည် ၁၉၅၅ ခုနှစ်၊ မတ်လ (၂၄)ရက်နေ့တွင် ပြည်နယ်များမှအပ နိုင်ငံတော်ရှိ ကျန်နယ်မြေအားလုံးတွင် စတင်အာဏာတည်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ (၂၇-၁၀-၅၅) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၂၈။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်၊ စာမျက်နှာ - ၁၈၂၃။*

၃။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) တွင်၊ "ဆေးတက္ကသိုလ်များ၊ ဆေးခန်းများနှင့် ဆေးရုံများဖွင့်လှစ်ပြီး ကြီးကြပ်စီမံခြင်း" ဆိုသည့် စကားရပ်အစား "ဆေးတက္ကသိုလ်များ၊ သင်တန်းပေးရန်အတွက် ၎င်းတို့နှင့် တွဲဘက်၍ထားသောဆေးခန်းများနှင့် ဆေးရုံများဖွင့်လှစ်ပြီး ကြီးကြပ်စီမံခြင်းနှင့် သင့်တော်သော တိုင်းရင်းမြန်မာဆေးကျောင်းများကို အသိအမှတ်ပြုခြင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂)တွင် "ခန့်ထားနိုင်သည့်ပြင်၊ ခန့်ထားသူတို့အား၊ တိုင်းရင်းဆေးဆရာအဖွဲ့က ဆုံးဖြတ်သည့် လစာငွေကိုပေးရမည်။ ထို့ပြင် အခြားစရိတ်ကြေးငွေများ ပေးရန်သတ်မှတ်ထားလျှင်၊ ထိုစရိတ်ကြေးငွေများကို ပေးရမည်။" ဆိုသည့် စကားရပ်အစား "နိုင်ငံတော် သမ္မတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်ခန့်ထားနိုင်သည့်ပြင်၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော လစာငွေနှင့်စရိတ်ကြေးငွေများကို၊ ထိုအရာရှိများနှင့် အမှုထမ်းများအားပေးနိုင်သည်။" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

◆ ◆ ◆ ◆ ◆